# Phishing ဆိုတဲ့ ဒစ်ဂျစ်တယ်ငါးမျှားချိတ်တွေအကြောင်း

နွေဦးလုံခြုံရေး

Phishing ရဲ့အသံထွက်ကို Fishing လို့ထွက်ပါတယ်။ ငါးများတယ်ဆိုတဲ့ Fishing သဘောတရားနဲ့အတူတူပါပဲ။

အစာကိုပဲမြင်ပီး ငါးမျှားချိတ်ကိုမမြင်တာ အဲ Digital ငါးမျှားခြင်းဆိုတဲ့ Phishing ဆိုတာလဲ ထိုနည်းရင်းပါပဲ။

**အွန်လိုင်းပေါ်မှာ လူတွေမကြည့်ကြည့်အောင် Link တစ်ခုခုကို မနှိပ်နှိပ်အောင် ဆွဲဆောင်၍သော်လည်းကောင်း၊ မက်လုံး ပေး၍သော်လည်းကောင်း ပေးပို့လာတဲ့ Link တွေပဲဖြစ်ပါတယ်။**



# Phishing ဆိုတဲ့ ဒစ်ဂျစ်တယ်ငါးမျှားချိတ်တွေအကြောင်း

Phishing ကပုံစံအမျိုးမျိုးနဲ့လာနိုင်ပါတယ်။

ဥပမာ- ဟိုတလောကလိုမျိုး Messenger ကို ads နဲ့ ကိစ္စပုံစံမျိုးကိုကြည့်ရင် သိနိုင်ပါတယ်။ Messenger ကိစ္စမှာဆိုရင် Facebook offical နေပဲ တကယ် Messenger ကို update လုပ်ခိုင်းသလိုပဲဝင်လာပါတယ်။ သို့သော် သေချာစစ်ကြည့်မယ်ဆို ရိုးရိုးသာမာန် Page ဖြစ်ပြီး..အဲ့ဒီ Page ကို Messenger မှာပေါ်လာအောင် Ads လုပ်ထားပြီးတော့ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို မလိုအပ်ပဲ တောင်းယူပြီးခိုးယူဖို့ ကြိုးစားတာဖြစ်ပါတယ်။ Messenger စာလုံးပေါင်းလည်း မှားနေတာကို တွေ့ရမှာပါ။

မသမာတဲ့သူက ယုံကြည်ရသောအဖွဲ့အစည်းတစ်ခုခုကဲ့သို့ဟန်ဆောင်၍ဖြစ်စေ ယုံကြည်လောက်ဖွယ်အကြောင်းအရာ များပါသောလင့်ခ်များပို့ပြီး အဲ့ဒီလင့်ခ်ကိုဝင်လိုက်လျှင်ကျွန်တော်တို့ရဲ့ username, password, Bank account number စသောအချက်အလက်များကိုတောင်းတာကိုတွေ့ရပါတယ်။ အဲဒါကိုသဘောကောင်းစွာနဲ့ထည့်ပေးလိုက်ရင်တော့ Account နဲ့ ပိုက်ဆံတွေဆုံးပြီလို့သာမှတ်။









# Phishing တွေကို ဘယ်လို ရှောင်ရှားသတိထားလို့ရနိုင်မလဲ။

Phishingနည်းပညာကိုအသုံးပြု၍ လိမ်လည်လှည့်ဖျားခြင်းများကိုအမြဲမပြတ် သတိပြုလေ့လာချင်တယ်ဆိုရင်တော့ Security By Separation လုပ်ဖို့လိုပါတယ်။  Security By Separation ဆိုတာက ခွဲခြားခြင်းဖြင့်လုံခြုံစေခြင်းပဲဖြစ်ပါတယ်။ မိမိအသုံးပြုနေတဲ့ Social Media အကောင့်တွေ , Gmail / Email အကောင့်တွေကို မိမိ Personal အကောင့်, အလုပ် , အရေးမကြီးသော ကိုယ်ရေး ကိုယ်တာများမပါဝင်သော အကောင့်များ စသည်ဖြင့်အသုံးပြုတာမျိုးကိုဆိုလိုခြင်းပဲဖြစ်ပါတယ်။ ထိုအကောင့်များရဲ့ သက်ဆိုင်ရာ အကောင့် အချက်အလက် (ဖုန်းနံပါတ် ၊ အီးမေးလ် လိပ်စာ၊ စသည်တို့ ) ကို မတူညီအောင်ခွဲခြားထားသင့်ပါတယ်။၊

Phishing link တွေကိုလေ့လာချင်တယ်ဆိုရင်တော့ ကိုယ်အစစ်အမှန်သုံးနေတဲ့အကောင့်တွေနဲ့မစမ်းသင့်ပါဘူး။ ကိုယ် သိပ်မသုံးပဲဖွင့်ထားတဲ့ Fake Gmail Account/ Fake Facebook Account တွေနဲ့သာ စမ်းကြည့်သင့်ပါတယ်။

## သတိပြုရန်များ

- **Link တစ်ခုနှိပ်ဖို့သေချာစဥ်းစားပါ။ လင့်အမှန်လား ဆင်တူရိုးမှားဖန်တီးထားသောလင့်လား ကြည့်ရှု့ဆုံးဖြတ်ပါ။**
- **ကလစ် (Click) မနှိပ်ခင်စဥ်းစားဆင်ခြင်ရန်။ မိမိနှိပ်မည့် Link  များဟာ Https ဖြစ်မဖြစ် စစ်ဆေးပါ။**
- **Link တစ်ခုခု (သို့) App တစ်ခုခု download လုပ်တဲ့အခါ လိုတာထပ်ပိုပြီး ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ တောင်းလာတဲ့အခါ မလိုအပ်ရင် မဖြည့်ပါနဲ့။ သတိထားပါ။ သေချာစစ်ဆေးပါ။**
- **မိမိ၏ browsing software များကို အမြဲ update လုပ်ပါ။**
- **မိမိဖုန်းရဲ့ Android Version များကို အမြဲစစ်ဆေးပါ။ အမြဲ Update လုပ်ပါ။**

